ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

စတုတ္ထနေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်**

**( ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၅ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၀.၅၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၃။**

**စောယွားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ၅ - ၂ - ၂၀၂၀ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယွားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးရှေးရယ်ရှုမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီလုပ်ငန်းတာဝန်များ ထမ်းဆောင်ရန်။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးထွန်းလင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဆေးရုံတက်ရောက် ကုသရန်။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်နေ့ အခမ်းအနား တက်ရောက်ရန်။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်နှင့် ဖွင့်ပွဲအခမ်းအနားတက်ရောက်ရန်။ ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)၊ ငှင်းအတိုင်း။ ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၉)ဦးနှင့် ယနေ့ ခွင့်ပန်ကြား သူ(၁၂)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၁)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြု ထားသူ(၂၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် နိုင်ငံတကာ ဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီနှင့် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီတို့တွင် အဖွဲ့ဝင်နေရာများ အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံတကာ ဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးကော်မတီနှင့် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီတို့တွင် အဖွဲ့ဝင်နေရာများ အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြပါမယ်။

အမျိုးသားလွှတ်တော် နိုင်ငံတကာ ဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးဇဝန အစား ဗိုလ်မှူးချုပ်ဇော်မြင့်စန်း အား အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးကြီးကောင်းကျော် အစား ဗိုလ်မှူးချုပ်နေမျိုးအောင် အား အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကိုလည်းကောင်း လွှတ်တော်သို့ တင်ပြပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံတကာ ဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီနှင့် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီတို့တွင် အဖွဲ့ဝင်နေရာများ အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီနှင့် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီတို့တွင် အဖွဲ့ဝင်နေရာများ အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် လူ့ဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ၏ လုပ်ပိုင်ခွင့် ဖြည့်စွက်ပြင်ဆင်ခြင်းကို လွှတ်တော်သို့ တင်ပြခြင်း

**အချိန်၊ ၁၀:၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ဖွဲ့စည်းထားသော လူ့ဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီရဲ့ လုပ်ပိုင်ခွင့်ကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဖြည့်စွက်ပြင်ဆင်သွားမှာ ဖြစ်ပါကြောင်း လွှတ်တော်သို့ အသိပေး တင်ပြပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် လူ့ဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ၏ လုပ်ပိုင်ခွင့် ဖြည့်စွက်ပြင်ဆင်ခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၀:၁၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် လူ့ဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီရဲ့ လုပ်ပိုင်ခွင့် ဖြည့်စွက်ပြင်ဆင်ခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ဒီတင်ပြချက်ကို သဘောတူ မတူ လွှတ်တော်၏ အတည်ပြုချက် ရယူပါမယ်။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် လူ့ဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီရဲ့ လုပ်ပိုင်ခွင့် ဖြည့်စွက်ပြင်ဆင်ခြင်းနှင့် စပ်လျဉ်းသည့် တင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀:၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော် အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်ရန်ဖြစ်သော်လည်း သတ်မှတ်ထားသည့်အချိန်အတွင်း မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးပါတယ်။

**တီးတိန်မြို့နယ်၊ ဖာရ်တလန်းကျေးရွာ(ရွာသစ်) နယ်စပ်ဈေးနှင့် တွန်းဇံမြို့နယ်၊ ကျီခါးမြို့၊ ခင်မန်းကျေးရွာ နယ်စပ်ဈေးစီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးပူဂင်ကမ်းလျန် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၃။**

**ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများအားလုံး မင်္ဂလာပါ။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ တီးတိန်မြို့နယ်၊ ဖာရ်တလန်းကျေးရွာ (ရွာသစ်) နယ်စပ်ဈေးနှင့် တွန်းဇံမြို့နယ်၊ ကျီခါးမြို့၊ ခင်မန်းကျေးရွာ နယ်စပ်ဈေးစီမံကိန်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိသိလိုကြောင်း မေးမြန်းခြင်း ဖြစ်ပါတယ်။

မေးမြန်းရတဲ့အကြောင်းရင်းကတော့ တီးတိန်မြို့နယ်၊ ဖာရ်တလန်းကျေးရွာ(ရွာသစ်)သည် အိန္ဒိယနယ်စပ်တွင် နယ်စပ်ဈေးဖွင့်နိုင်ရန်အတွက် နေပြည်တော်ပြည်ထောင်စုအဆင့် ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကွင်းဆင်းလေ့လာပြီးဖြစ်ပါတယ်။ နယ်စပ်မှာရှိတဲ့ သီအိုချောင်းကူးတံတားတည်ဆောက်ဖို့ ဌာနဆိုင်ရာ တာဝန်ရှိသူများက နေရာသတ်မှတ်တိုင်းတာခဲ့ပြီးလည်းဖြစ်ပါတယ်။ တီးတိန်မြို့နယ် နယ်စပ်ဒေသရှိကျေးရွာများနှင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ် နယ်စပ်ကျေးရွာများမှ တိုင်းရင်းသားများကလည်း ဆွေမျိုးမကင်းတဲ့ တိုင်းရင်းသားများဖြစ်ကြပါတယ်။ ဒါကြောင့် သာရေး၊ နာရေးတွင် ကူးသန်းသွားလာနေတာလည်း နှစ်ပေါင်းများစွာကပင်ဖြစ်ပါတယ်။

မြန်မာနိုင်ငံဘက်ခြမ်းတွင် ကျေးရွာများမှ တစ်နိုင်တစ်ပိုင်မွေးမြူထားသော တိရစ္ဆာန်များ၊ စိုက်ပျိုးသီးနှံများ ရောင်းဝယ်ဖောက်ကား သွားလာနေကြပါတယ်။ ယင်းဒေသတစ်ဝိုက်ရှိ တစ်ဖက်နှင့်တစ်ဖက် ကျေးရွာများမှာလည်း ကျောထောက်နောက်ခံကျေးရွာများပြားလျက်ရှိနေပြီး နယ်စပ်ဈေးဖွင့်လှစ်ပေးနိုင်ပါက ဖာရ်တလန်းကျေးရွာသည် မီဇိုရမ်ပြည်နယ်ခရိုင်မြို့ဖြစ်တဲ့ ကျန်းဖိုင်နဲ့လည်း (၉)မိုင်ခန့်သာ ကွာဝေးပါတယ်။ ဒါကြောင့် အောက်ခြေကျေးရွာ အခြေခံလူတန်းစားများအတွက် များစွာ အကျိုးပြုမည်ဖြစ်ပါတယ်။ ဒီဒေသဟာလည်း တည်ငြိမ်အေးချမ်းသော ဒေသလည်း ဖြစ်ပါတယ်။

နောက်တစ်ဖန် တွန်းဇံမြို့နယ်၊ ကျီခါးမြို့၊ ခင်မန်းကျေးရွာနယ်စပ်ဈေး ဖွင့်လှစ်ပေးနိုင်ပါက ကျီခါးမြို့တစ်ဝိုက်ရှိ ကျေးရွာများမှ အခြေခံလူတန်းစားများ ဘဝမြင့်တင်လာမည်ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်း ဖောက်လုပ်ထားတဲ့ တီးတိန်–အင်ဖားလမ်းမကြီးကလည်း ရှိပြီးသားဖြစ်ပါတယ်။ ယခုအစိုးရလက်ထက်မှာလည်း လမ်းဟောင်းကို လမ်းတာချဲ့ခြင်း၊ ကျောက်ခင်း

ခြင်းနှင့် ကတ္တရာလမ်းများ ခင်းထားပြီးဖြစ်ပါသဖြင့် အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ်မြို့တော်၊ အင်ဖားမြို့အထိ ကုန်ကားကြီးများ ရာသီမရွေးသွားလာနိုင်မည် ဖြစ်ပါတယ်။ ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် နိုင်ငံတော်ဒုတိယသမ္မတကြီးတို့မှာလည်း ကွင်းဆင်းလေ့လာပြီး ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ အဆင်းရဲဆုံးဖြစ်တဲ့ ချင်းပြည်နယ်မှာ နယ်စပ်ဈေးကို ဖွင့်ပေးနိုင်လို့ရှိရင်လည်း ကျေးရွာလူတန်းစားများအတွက် စားဝတ်နေရေး၊ လူနေမှုဘဝမြှင့်တင်လာမည် ဖြစ်ပါတယ်။ ဒါကြောင့် အဆင်းရဲဆုံးပြည်နယ်မှ ကျေးရွာလူထုဘဝမြှင့်တင်နိုင်ရေးအတွက် တီးတိန်မြို့နယ်၊ ဖာရ်တလန်းနယ်စပ်ဈေးနှင့် တွန်းဇံမြို့နယ်၊ ကျီခါးမြို့၊ ခင်မန်းကျေးရွာနယ်စပ်ဈေးကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၁၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၁၆။**

**ဦးအောင်ထူး (ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပူဂင်ကမ်းလျန်ရဲ့ တီးတိန်မြို့နယ်၊ ဖာရ်တလန်းကျေးရွာ(ရွာသစ်) နယ်စပ်ဈေးနှင့် တွန်းဇံမြို့နယ်၊ ကျီခါးမြို့၊ ခင်မန်းကျေးရွာနယ်စပ်ဈေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ချင်းပြည်နယ်အစိုးရအဖွဲ့တို့၏ ဖြေကြားချက်များနှင့် ပေါင်းစပ်ပြီး ကျွန်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး က ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မြန်မာ-အိန္ဒိယနယ်စပ်၌ နယ်စပ်ဈေးများဖွင့်လှစ်နိုင်ရေး နားလည်မှုစာချွန်လွှာကို ၂၈-၅-၂၀၁၂ ရက်နေ့တွင် မြန်မာနိုင်ငံ နေပြည်တော်၌ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့ပါတယ်။ ယင်းနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် ကျင်းပခဲ့တဲ့ ပထမအကြိမ် အိန္ဒိယ-မြန်မာ နယ်စပ်ဈေး ပူးတွဲကော်မတီအစည်းအဝေး သဘောတူညီချက်အရ မြန်မာ-အိန္ဒိယနယ်စပ်တစ်လျှောက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နေရာ(၅)နေရာနဲ့ ချင်းပြည်နယ်အတွင်း နေရာ(၅)နေရာတို့တွင် နယ်စပ်ဈေးများ ဖွင့်လှစ်ရန် မူအားဖြင့် သဘောတူညီခဲ့ကြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ တီးတိန်မြို့နယ်၊ ဖာရ်တလန်းကျေးရွာ(ရွာသစ်) နယ်စပ်ဈေးနှင့် တွန်းဇံမြို့နယ်၊ ကျီခါးမြို့၊ ခင်မန်း

ကျေးရွာ နယ်စပ်ဈေးစီမံကိန်းတို့ဟာ ချင်းပြည်နယ်အတွင်း ဖွင့်လှစ်ရန် လျာထားခဲ့တဲ့နေရာ(၅) နေရာအနက် နှစ်ခုအပါအဝင် ဖြစ်ပါတယ်။

အဆိုပါ ချင်းပြည်နယ်အတွင်း နှစ်နိုင်ငံနယ်စပ်ဈေးဖွင့်လှစ်ရန် (၅)နေရာအနက် (၄)နေရာ ဖြစ်တဲ့ ထန်တလန်မြို့၊ ထာအိုကျေးရွာ၊ ဖလမ်းမြို့နယ်၊ လေးလက်ကျေးရွာ၊ တီးတိန်မြို့နယ်၊ ဖာရ်တလန်းကျေးရွာနဲ့ တွန်းဇံမြို့နယ်၊ ဒါရ်ခိုင်းကျေးရွာတို့မှာ နယ်စပ်ဈေးဖွင့်လှစ်နိုင်ရေးအတွက် သီအိုချောင်းနှင့် ကုလားတန်မြစ်(ဘွေနူး)မြစ်တို့ကိုဖြတ်၍ နှစ်နိုင်ငံနယ်စပ်ဈေးများအကြား တံတား (၄)စင်း တည်ဆောက်ရန် လိုအပ်မှာဖြစ်ပါတယ်။ ယင်းနယ်စပ်ဖြတ်ကျော်သွားလာနိုင်သည့် တံတားများ တည်ဆောက်ရန် လိုအပ်လျက်ရှိသော နေရာများသို့ ၃၀-၁၀-၂၀၁၈ ရက်နေ့မှ ၂-၁၁-၂၀၁၉ ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနဲ့ ချင်းပြည်နယ်အစိုးရအဖွဲ့တို့မှ ကိုယ်စားလှယ်များပါဝင်တဲ့ ပူးတွဲကွင်းဆင်း တိုင်းတာရေးအဖွဲ့ဟာ အိန္ဒိယနိုင်ငံဘက်မှ ကိုယ်စားလှယ်များနှင့်အတူ ကွင်းဆင်းတိုင်းတာပြီး တံတားတည်ဆောက်ရန် သင့်လျော်ကိုက်ညီမှုရှိတဲ့ နေရာများကို နှစ်ဖက်ညှိနှိုင်းခဲ့ပြီး ရည်ညွှန်းအမှတ်များကို သတ်မှတ်ခဲ့ပြီး ဖြစ်ပါတယ်။

ထို့အပြင် ၉-၅-၂၀၁၉ ရက်နေ့တွင်လည်း ချင်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမမှာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာဆော်ရပ်ဘ်ကူးမား ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့နှင့် ချင်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များတွေ့ဆုံ၍ မြန်မာ-အိန္ဒိယနယ်စပ် တံတား (၄)စင်း တည်ဆောက်နိုင်ရေးကိုလည်း ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

ချင်းပြည်နယ်၊ တွန်းဇံမြို့၊ ကျီခါးမြို့၊ ခင်မန်းရွာတွင် နယ်စပ်ဈေး ကနဦးစတင်ဖွင့်လှစ်လိုကြောင်း အကြောင်းကြားချက်ကို ရန်ကုန်မြို့၊ အိန္ဒိယသံရုံးသို့ ၂၆-၉-၂၀၁၉ ရက်နေ့တွင် သံတမန်စာဖြင့် အကြောင်းကြားခဲ့ပြီးဖြစ်တဲ့အပြင် မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့အကြား နယ်စပ်ဈေးများ ဖွင့်လှစ်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမယ့် နယ်စပ်ဈေးများ စီမံခန့်ခွဲရေးနည်းလမ်းမူကြမ်းကို နှစ်နိုင်ငံအပြန်အလှန် ညှိနှိုင်းပြင်ဆင်ရေးဆွဲလျက်ရှိပါတယ်။

အဆိုပါ တံတား(၄)စင်းအနက် ထာအိုတံတား (ဆာဆီချောက်)အား ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံတို့အကြား ချစ်ကြည်ရေးတံတားအဖြစ် တည်ဆောက်ရန် အစီအစဉ်ရှိသဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကျန်တံတား(၃)စင်း တည်ဆောက်မည့်ကိစ္စနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံဘက်သို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သံတမန်နည်းလမ်းအရ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း တွန်းဇံမြို့နယ်၊ ကျီခါး-ခင်မန်းကျေးရွာချင်းဆက်လမ်း (၇)မိုင်အား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျောက်ခင်းလမ်း (၃)မိုင် (၄)ဖာလုံ၊

(၃၄)ပေအကျယ် လမ်းတာချဲ့ခြင်း (၄)မိုင်၊ ပေ(၂၀)တံတား (၁)စင်း၊ (၁၀)ပေတံတား (၁)စင်းနဲ့ (၄ ပေ x ၄ ပေ)လမ်းဖြတ်မြောင်း (၇)စင်းတို့အား ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးပူဂင်ကမ်းလျန် ရဲ့ မေးမြန်းချက်နဲ့ ပတ်သက်၍ တွန်းဇံမြို့နယ်၊ ကျီခါးမြို့၊ ခင်မန်းကျေးရွာတွင် နယ်စပ်ဈေးဖွင့်လှစ်ရန် အိန္ဒိယဘက်နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ တီးတိန်မြို့နယ်၊ ဖာရိတလန်းကျေးရွာတွင် နယ်စပ်ဈေးဖွင့်လှစ်ရန် ကိစ္စနဲ့ ပတ်သက်၍ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက အိန္ဒိယဘက်နှင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၂၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ ပြည်သူ့ဆေးရုံ(Reception Counter)ရှိ ဧည့်ကြို နေ့စားဝန်ထမ်းများကို မည်သည့်အချိန်တွင် အတည်ပြုခန့်ထားပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၁။**

**ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၁၆-၁-၂၀၁၇ နေ့စွဲပါစာအမှတ်၊ အစရ-၁(က-၁) ၂၀၁၆/ ၁၈၈၃ အရ မြန်မာပြည်တစ်ပြည်လုံး (Reception Counter)လို့ခေါ်တဲ့ ဧည့်ကြိုနေ့စားဝန်ထမ်းများကို ခန့်ထားခွင့်ပြုခဲ့ရာ ချင်းပြည်နယ် မင်းတပ်ခရိုင်တွင် ၁၁-၁-၂၀၁၇ ရက်စွဲပါစာအမှတ်

၈၈၂/ခရကမ/(မတ-၃)၂၀၁၇ ဖြင့် ညှော်ကြိုနေ့စားလပေးဝန်ထမ်းများကို ၁၆-၁-၂၀၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားပေးခဲ့ပါတယ်။

အဆိုပါ ဝန်ထမ်းများဟာ ယခုချိန်အထိ အတည်ပြုခန့်ထားခြင်းမရှိခဲ့သဖြင့် မိမိတို့၏ နေ့စား လစာမလုံလောက်သဖြင့် မည်သည့်အကြောင်းကြောင့် အတည်ပြု ခန့်ထားခြင်းမပြုသည်ကိုလည်း ကောင်း၊ မည်သည့်အချိန်တွင် အတည်ပြုခန့်ထားမည်ကိုလည်းကောင်း၊ ဝန်ထမ်းများ၏ မိဘများ တင်ပြချက်အရ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့ရှိ ရွှေကျွန်းမြေ အားကစားရုံနှင့် ဆက်စပ် အဆောက်အဦများအား အသစ်ဆောက်လုပ်ပေးခြင်း သို့မဟုတ် အကြီးစား ပြင်ဆင်ထိန်းသိမ်းပေး နိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၃။**

**ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်း တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် ဟာ ၁၉၉၄-၁၉၉၆ ခုနှစ် ဝန်းကျင်ကာလက ကျေးရွာပေါင်း (၇၃)ရွာနဲ့ ကျွန်းလှမြို့ တစ်မြို့လုံး ရွှေ့ပြောင်းခဲ့ရတဲ့ မြို့ဖြစ်ပါတယ်။ မြို့စတင်တည်ဆောက်ကတည်းက မြို့ရဲ့အင်္ဂါရပ်နှင့်ညီအောင် ဖွံ့ဖြိုးရေးအဆောက်အအုံများ၊ လုပ်ငန်းများ မပြည့်စုံသေးပါဘူး။ အဲဒီမှာ ရွှေကျွန်းမြေအားကစားရုံ မှာလည်း မြို့သစ်တည်ဆောက်ကတည်းက တည်ဆောက်ခဲ့တာ အခုအချိန်မှာဆိုရင် (၂၅)နှစ်ကြာပြီ ဖြစ်တဲ့အတွက် ပြိုကျပျက်စီးမယ့်အန္တရာယ်ဆိုက်ရောက်နေပြီ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့် ပေးစေချင်ပါတယ်။ ဒါကတော့ အားကစားရုံရဲ့ အဝေးကနေမြင်ရတဲ့ ပျက်စီးနေတဲ့ပုံဖြစ်ပါတယ်။ ဒါ ဘေးတိုက်ကနေ ပျက်စီးနေတဲ့ပုံဖြစ်ပါတယ်။ အမိုးတွေအကုန်လုံး ကွာကျပြီး ပျက်စီးနေတဲ့ပုံဖြစ်ပါတယ်။ ဒါ ခေါင်မိုးတွေ ပွင့်ထွက်နေတာဖြစ်ပါတယ်။ မြင်ရတဲ့အတိုင်းပါပဲ။ ကြယ်မြင်၊ လမြင် ဖြစ်နေပါတယ်။ ဒါ မိုးရေစိုပြီး ကြမ်းခင်းတွေကွာလာကာ ကစားလို့မရလောက်အောင် အခြေအနေဆိုးနေတာဖြစ်ပါတယ်။

ကြမ်းခင်းတွေကြွနေတာဖြစ်ပါတယ်။ တိုင်တွေလည်းနဲ့ပြီးတော့ သုံးမရတော့လောက်တဲ့ အခြေအနေ ဖြစ်နေပါတယ်။ ဒါ ကျွန်တော်တို့ အားကစားကွင်း စည်းရိုးတွေပျက်စီးနေတာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်းလှမြို့နယ်ဟာ ဖားကန့်မြို့နယ်၊ ပင်လည်ဘူးမြို့နယ်နှင့် ထိစပ်ပြီးတော့ ဒီဘက်မှာ ရှိနေတဲ့အတွက် မူးယစ်ဆေးဝါး ပပျောက်ကင်းစင်ရေးအတွက်လည်း အလေးထားပြီး ဆောင်ရွက်နေရတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လူငယ်များအကြားမှာ မူးယစ်ဆေးဝါး ပျံ့နှံ့မှုအန္တရာယ်ကို တရားဥပဒေစိုးမိုးရေးအရ ဘက်ပေါင်းစုံကနေပြီး ဝိုင်းဝန်း ကာကွယ်ဖို့လိုအပ်သလို ကျန်းမာရေးနှင့် အားကစားကဏ္ဍကို မြှင့်တင်ပေးမယ်ဆိုရင်လည်း လူငယ် များ လမ်းမှားမရောက်အောင် ကြိုတင်ကာကွယ်ပြီးဖြစ်တဲ့အပြင် ကျန်းမာကြံ့ခိုင်တဲ့ နိုင်ငံ့သား ကောင်းတွေ၊ အားကစားစိတ်ဓာတ်ပြည့်ဝတဲ့ နိုင်ငံ့သားကောင်းတွေမွေးထုတ်ပြီး နိုင်ငံအတွက် အထူးပဲအကျိုးရှိမှာဖြစ်ပါတယ်။ မနေ့ကပဲ ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အားကစားနှင့် ကာယပညာသိပ္ပံ(၆)ခု ပြန်လည်သုံးသပ်ပွဲမှာ ရွက်ပုန်းသီး အားကစားသမားတွေ၊ နိုင်ငံ့သားကောင်းတွေ ထွက်ဖို့အတွက် ပြောကြားသွားတာ ရှိပါတယ်။ ကျွန်းလှ မြို့နယ်ဟာ အားကစားမှာ အစဉ်အလာရှိတဲ့ မြို့နယ်ဖြစ်ပြီး အခုလို အားကစားရုံကြီးကိုသာ ပြန်လည်တည်ဆောက်ပြုပြင်ပေးမယ်ဆိုရင် နိုင်ငံ့အတွက် ဂုဏ်ဆောင်နိုင်တဲ့ အားကစားသမားတွေ မွေးထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ကျွန်းလှမြို့နယ်၊ ကျွန်းလှမြို့၊ ရွှေကျွန်းမြေ အားကစားရုံနှင့် ဆက်စပ်အဆောက်အအုံတွေကို အသစ်တည်ဆောက်ပေးခြင်း သို့မဟုတ် အကြီးစား ပြင်ဆင်ထိန်းသိမ်းပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အားကစားရုံ အမိုးများ ပျက်စီးနေသည့် မြင်ကွင်းပုံ (င)



အားကစားရုံ အမိုးများ ပျက်စီးနေသည့် မြင်ကွင်းပုံ (င-၁)



အားကစားရုံ အမိုးများ ပျက်စီးနေသည့် မြင်ကွင်းပုံ (င-၂)



**ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်၊ ခုတင်(၅၀)ဆံ့ စံကိုက်ဆေးရုံအတွက် လိုအပ်သော ဆရာဝန်များနှင့် ဆေးဘက်ကျွမ်းကျင်(ခေတ်ခွဲ)ဝန်ထမ်း ခန့်ထားပေးရန်နှင့် သားဖွားမီးယပ်ဆောင်တစ်ဆောင်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၆။**

**ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ ဧည့်သည်တော်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဆွေလွင် ဖြစ်ပါတယ်။ ကျွန်မ မေးမြန်းမယ့်မေးခွန်းကတော့ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်၊ ခုတင်(၅၀)ဆံ့ စံကိုက်ဆေးရုံအတွက် လိုအပ်တဲ့ဆရာဝန်များနှင့် ဆေးဘက်ကျွမ်းကျင်(ခတ်ခွဲ)ဝန်ထမ်း ခန့်ထားပေးရန်နှင့် လိုအပ်တဲ့ သားဖွားမီးယပ်ဆောင် (၁)ဆောင်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ဆောက်လုပ်ပေးရန် မည်ကဲ့သို့ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းပဲဖြစ်ပါတယ်။

မေးမြန်းရတဲ့ အကြောင်းရင်းကတော့ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်သည် ၂၀၁၈ ခုနှစ်အတွင်းက (၂၅) ခုတင်ဆံ့ ဆေးရုံအဖြစ်ကနေ ခုတင် (၅၀) စံကိုက်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးပြီးဖြစ်ပါတယ်။ ခုတင် (၅၀) စံကိုက်ဆေးရုံအတွက် တိုးချဲ့လူနာဆောင်ကိုလည်း ဆောက်လုပ်လျက်ရှိပါတယ်။ ဝန်ထမ်းများနေထိုင်ရန်အတွက်လည်း (၆)ခန်းတွဲ (၂)ထပ်၊ (၄)ခန်းတွဲ (၂)ထပ် ဆောက်လုပ်ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူများ၏ ကျန်းမာရေးဝန်ဆောင်မှု ပိုမိုကောင်းမွန်စွာစောင့်ရှောက်နိုင်ရန်အတွက် ခုတင် (၅၀)စံကိုက်ဆေးရုံ (၁)ရုံအတွက် ဆရာဝန်များကို ခန့်ထားပေးရန်လိုအပ်လျက်ရှိပြီး မီးဖွားမည့်မွေးလူနာနှင့် မီးဖွားပြီး မွေးလူနာများအတွက် လုံခြုံတဲ့သားဖွားမီးယပ်ဆောင် (၁)ဆောင် ဆောက်လုပ်ရန် လိုအပ်လျက်ရှိပါတယ်။ ၎င်းအပြင် အရေးကြီးတဲ့ဆေးဘက်ကျွမ်းကျင်(၃)ခတ်ခွဲဝန်ထမ်းဟာ ၁-၈-၂၀၁၆ ရက်နေ့မှာ ပြောင်းရွှေ့သွားပြီးတော့ဆေးဘက်ကျွမ်းကျင်(၄)ခတ်ခွဲဝန်ထမ်းဟာလည်း ၁-၂-၂၀၁၇ ရက်နေ့မှာ နုတ်ထွက်စာတင်သွားတဲ့အတွက် ဆေးဘက်ကျွမ်းကျင်ခတ်ခွဲဝန်ထမ်း လိုအပ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ခုတင်(၅၀)ဆံ့ စံကိုက်ဆေးရုံအတွက် လိုအပ်တဲ့ ဆရာဝန်တွေကို ဘယ်လိုအစီအစဉ်နဲ့ ခန့်ထားပေးမယ်ဆိုတာ သိရှိလိုပါတယ်။ မွေးဖွားမည့်လူနာများနှင့် မွေးဖွားပြီးလူနာများအတွက် လုံခြုံတဲ့ သားဖွားမီးယပ်ဆောင် (၁)ဆောင်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ လျာထားဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ပြောင်းရွှေ့နုတ်ထွက်သွားတဲ့ ဆေးဘက်ကျွမ်းကျင်ခတ်ခွဲဝန်ထမ်းအစားထိုး ပြန်လည်ခန့်ထားပေးနိုင်ခြင်း ရှိ/မရှိကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ကမ္ဘာ့ဆေးဝါးလောကတွင် အသုံးပြုနေသည့် လစ်ကွာရှိုက် (Liquorice) ခေါ် နွယ်ချိုဆေးပစ္စည်းကို ကျန်းမာရေးလောကတွင် ဆက်လက် သုံးစွဲရန် သင့်/မသင့် သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၈။**

**ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အပေါင်း ကျန်းမာချမ်းသာကြစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ဆေးဝါးလောကတွင် လစ်ကွာရှိုက် (Liquorice) ခေါ် နွယ်ချိုဆေးပစ္စည်းသည် အနောက်တိုင်းနှင့် ရိုးရာဆေးဝါးများတွင် အသုံးချဆေးဝါးဖြစ်သည်သာမက မြန်မာ့သမိုင်းဦး ပုဂံခေတ်ကတည်းက အားထားခဲ့ရသော သမိုင်းဝင်ဆေးဝါးဖြစ်ခဲ့ပြီး ၂၀၁၁ ခုနှစ် ဇန်နဝါရီလထုတ် အတွဲ(၉) အမှတ်(၄၄)ဂျာနယ်တစ်ခုတွင် အသည်းဆရာဝန်တစ်ဦးက ဆေးမြီးတိုအဖြစ် အန္တရာယ်ဖြစ်စေကြောင်း ဝေဖန်ချက်အရ ကျန်းမာရေးလောကအတွက် ဆက်လက်သုံးစွဲရန်သင့်၊ မသင့် သက်ဆိုင်ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ရှင်းလင်းဖြေကြားပေးရန် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ဆေးဝါးလောကဖြစ်တဲ့ အနောက်တိုင်းဆေးလောကမှာ အသုံးပြုနေတဲ့ လစ်ကွာရှိုက် (Liquorice)အမည်ရှိ နွယ်ချိုတို့ကို လေထိုးလေအောင့် ဝေဒနာ၊ အစာအိမ်ရောဂါ၊ အစာအိမ်ပြည်တည်နာ(Duodenal Ulcer) တို့မှာ နိုင်ငံခြားက မှာယူတင်သွင်းခြင်း၊ နောင်တွင် BPI ဆေးဝါးတို့မှာလည်း မုတ်ခါး၊ ကွီနင်း(Cascara Rhubarb)စတဲ့ ခါးတဲ့အရသာရှိဆေးတို့မှာ (Glycyrrhizin 6–14%) ပါဝင်တဲ့ ချိုသောအရသာရှိတဲ့ နွယ်ချိုကို သုံးစွဲလေ့ရှိပါတယ်။ နွယ်ချိုကို မျိုးခွဲဗေဒအရ (Glycyrrhiza glabra) နှင့် (Glycyrrhiza Uralensis) ဆိုပြီး အိန္ဒိယနွယ်ချိုနှင့် တရုတ်နွယ်ချိုဆိုပြီး အိန္ဒိယနှင့် တရုတ်နိုင်ငံ ရိုးရာဆေးတွေမှာ ရှေးပဝေသဏီခေတ်ကာလကတည်းက အစဉ်အလာ သုံးစွဲခဲ့ပါတယ်။ မြန်မာ့သမိုင်းဦး ပုဂံခေတ်ကတည်းက မြန်မာနိုင်ငံမှာ သုံးစွဲခဲ့ကြောင်း ဦးချစ်စယာကုန်းကို ၁၉၂၆ ခုနှစ် နိုဝင်ဘာလမှာ တူးဖော်ခဲ့စဉ်က မှတ်တမ်းအရ ဆင်းတုတော်များနောက်ကြောစာပါစာရင်းအရ သမိုင်းပညာရှင်ကြီး ဒေါက်တာသန်းထွန်း မှတ်တမ်းမှာ ဆေးဘက်ဝင်အပင်(၂၉)မျိုး၊ စားသုံးသီးနှံပင်(၅၃)မျိုး တွေ့ရှိရကြောင်း ဖော်ပြချက်ထဲမှာ နွယ်ချိုလည်း အပါအဝင်ဖြစ်ပါတယ်။

နွယ်ချိုနှင့်ပတ်သက်ပြီး ကျွန်တော် ရေးသားခဲ့တဲ့ ၂၀၁၅ ခုနှစ် အမျိုးသားစာပေဆုရ ကမ္ဘာ့ဈေးကွက်ဝင်မြန်မာ့ဆေးပင်နှင့် ဆေးဝါးပစ္စည်းများ စာအုပ်ထဲမှာလည်း ပါရှိပြီး နွယ်ချိုကို ကမ္ဘာ့စာပေပညာရှင် ဂရိစာရေးဆရာကြီး သီယိုဖရက်တက်စ်ရဲ့ စာအုပ်မှာလည်းရေးသားထားတာကို တွေ့ရှိရပါတယ်။ ရောမစာပေပညာရှင်ကြီး အားလုံးကလည်း နွယ်ချိုကို (Radix Dulcis)အမည်နဲ့

ရေးသားဖော်ပြခဲ့ကြပါတယ်။ ၁၆ ရာစုမှတ်တမ်းမှာ အင်္ဂလန်နှင့် ၁၈၇၀ ပြည့်နှစ်မှာ စပိန်၌ နွယ်ချိုကို တွင်ကျယ်စွာ စိုက်ပျိုးထုတ်လုပ်နေပြီဖြစ်ကြောင်း မှတ်တမ်းများအရ အတိအကျဖော်ပြပါရှိပါတယ်။

တရုတ်ဆေးကျမ်း (Chinese Pharmacopoeia)မှာ နွယ်ချိုကို (Gan Cao) ချိုသောနွယ် အမျိုးအစားအပင် ၁၅၁၈-၁၅၆၃ မင်မင်းဆက် ဘုရင့်တော်ဝင်သမားတော်ကြီး လီရှိကျန် (Li Shi Jian) ရဲ့ Pan Cao Gan Mu (Chinese Materia Medica)မှာလည်း နွယ်ချိုသည် အဆိပ်ဓာတ်မရှိ၊ အဆိပ်သင့်ရောက်မှု မတွေ့ရဘဲ အဆိပ်တို့ကိုပျက်ပြယ်စေကြောင်း၊ Yin Yang ဓာတ်တို့ကို မျှတစေကြောင်း၊ ချောင်းဆိုးဝေဒနာ၊ အဆုတ်ရောဂါ၊ အစာအိမ်ရောဂါ၊ လည်ချောင်းနာ၊ နှလုံးခုန်ခြင်း၊ အစာအိမ်အဆိပ်သင့်ခြင်းတို့တွင် အသုံးပြုခြင်းနှင့် စွမ်းအင်အားတိုးဆေးတို့မှာလည်း ဖက်စပ်ဆေးဝါး အဖြစ်အသုံးပြုပြီး တစ်ကြိမ်လျှင် (၁.၅)ဂရမ်မှ (၃.၈)ဂရမ်အထိ ပေးနိုင်ကြောင်း ဖော်ပြပါရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလို ကမ္ဘာ့ဆေးဝါးလောကမှာ ထင်ထင်ရှားရှား အသုံးပြုအားထားနေရတဲ့ နွယ်ချို ခေါ် Liquorice ဆေးပစ္စည်းကို မြန်မာပြည်မှ အသည်းဆရာဝန်တစ်ဦးက ဆေးမြီးတိုအဖြစ် အန္တရာယ်ဖြစ်စေကြောင်း အလွယ်တကူမှတ်ချက်ပြုခဲ့ပြီး ဒီအနေအထားက တစ်ဦးတစ်ယောက်တည်းက ဝေဖန်သုံးသပ်ခဲ့တာလား။ သုတေသနပြုပြီး စနစ်တကျ ကြေညာချက်ထုတ်ပြန်ခဲ့တာလားဆိုတဲ့ အဖြေကို နောင်တွင်ဆက်လက်သုံးစွဲရန် သင့်၊ မသင့် ဆေးဝါးဈေးကွက်မှ ဖယ်ရှားရန်အနေအထားအထိ လို/မလို၊ သက်ဆိုင်ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တိကျတဲ့ ရှင်းလင်းချက်ထုတ်ပြန်ပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။


ကမ္ဘာ့ဈေးကွက်ဝင်မြန်မာ့ဆေးပင်နှင့် ဆေးဝါးပစ္စည်းများ စာအုပ် ပြပုံ (စ)



ဆေးဖက်ဝင် အပင်များ ပြပုံ (စ-၁)



သုတေသနပြုထားးချက်စာစောင် ပြပုံ (စ-၂)



**မြန်မာတစ်နိုင်ငံလုံး နေရာအနှံ့အပြားတွင် လမ်းဘေးနေရာများ၊ ဈေးများ၊ စာသင်ကျောင်းများ၌ ရောင်းချနေသော စားသောက်ဆိုင်များ စည်းစနစ်ကျန၍ ကျန်းမာရေးနှင့် ညီညွတ်စေရန် ပြင်ဆင်ရောင်းချနိုင်ရေးအတွက် သင်တန်းများ ဖွင့်လှစ်စီစဉ်ပေးရန်နှင့် သင်တန်းပြီးမြောက်၍ လက်မှတ်ရရှိမှသာ ရောင်းချခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၂။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာတစ်နိုင်ငံလုံး နေရာအနှံ့အပြား လမ်းဘေးနေရာတိုင်းမှာ ဈေးများ၊ စာသင်ကျောင်းများမှာ ရောင်းချနေတဲ့ စားသောက်ဆိုင်များ စည်းစနစ်ကျနဖို့ ကျန်းမာရေးနှင့်ညီညွတ်ဖို့ ပြင်ဆင်ရောင်းချနိုင်ရေးအတွက် သင်တန်းများ ဖွင့်လှစ်ပေးရန်နှင့် သင်တန်းပြီးမြောက်၍ လက်မှတ်ရရှိမှသာ ရောင်းချခွင့်ပြုနိုင်ရန် လိုအပ်နေပါသဖြင့် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ ဆင်းရဲတဲ့ပြည်သူ အများဆုံးဖြစ်ပါတယ်။ ပညာရေးဆင်းရဲ၊ ကျန်းမာရေးဆင်းရဲ၊ စီးပွားရေးဆင်းရဲနှင့် လူမှုရေးဆင်းရဲနေကြလို့ ဘဝနိမ့်ပါးဆင်းရဲနေကြရပါတယ်။ အဲဒီလိုဆင်းရဲနေကြလို့ အသိတရားနည်းပါးကြပြီး လုပ်ဆောင်ချက်များကလည်းပဲ အရာမရောက်ကြပါဘူး။ ဒါကြောင့်မို့ ဆင်းရဲသားပြည်သူများရဲ့ ဘဝဟာလည်းပဲ မတိုးတက်ကြပါဘူး။ အသိတရားပေါ်မှာအခြေခံတဲ့ စီးပွားရေးအမြင်၊ ကျန်းမာရေးအမြင်၊ လူမှုရေးအမြင်၊ စည်းကမ်းရေးရာအမြင်တွေလည်းပဲ ကျဉ်းမြောင်းကြပါတယ်။ အဲဒီလို အမြင်ကျဉ်းမြောင်းကြလို့ မိမိရောင်းချတဲ့ အာဟာရအပေါ်မှာ ဘယ်လိုစီမံရမယ်။ ဘယ်လိုဆောင်ရွက်ရမယ်။ ဘယ်လိုရောင်းချရမယ်ဆိုတာ မစီမံတတ်ကြပါဘူး။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ မြန်မာနိုင်ငံမှာ ရောင်းချနေကြတဲ့ လမ်းဘေးဈေးသည်များဟာ အဖုံးအကာမပါဘဲ ဖြစ်သလိုရောင်းနေကြပါတယ်။ ယင်တလောင်းလောင်းနဲ့ ဖုန်တထောင်းထောင်း အားလုံးတွေ့မြင်ကြရပါတယ်။ ရောင်းချတဲ့ပစ္စည်းကို အရောင်လှရင်ပြီးရော

မမှန်ကန်တဲ့ အသိတရားများနှင့် ဆောင်ရွက်ကြလို့ အာဟာရမဖြစ်ဘဲ ရောဂါတွေဖြစ်ပွား နေကြပါတယ်။ အထူးသဖြင့် ဆင်းရဲသားအများစု ရောင်းချတဲ့လမ်းဘေးဈေးသည်များဟာ ဆင်းရဲသားအများစုကပဲ ဝယ်ယူစားသုံးကြပါတယ်။ ဈေးနှုန်းချိုသာတာ၊ ဝယ်ရပြုရလွယ်ကူတာ၊ ဆင်းရဲသားအများစုအတွက် ဝင်ဆံ့တဲ့နေရာများဖြစ်နေကြပါတယ်။ အခြေအနေဖြစ်နေတာကတော့ လူတန်းစားသီးခြားပုံစံမျိုး ဖြစ်နေကြပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ မြို့၊ ရွာအသီးသီးတို့မှာရှိကြတဲ့ လမ်းဘေးနေရာတွေ၊ ညဈေးတန်းတွေ၊ စာသင်ကျောင်းတွေ၊ ဈေးကြီးများအတွင်း ပျံ့ကျနေရာတွေမှာ စည်းကမ်းမဲ့စွာ ရောင်းချနေကြပါတယ်။ နေပူထဲမှာ ထီးတိုင်စိုက်ပြီး ရောင်းချနေကြတာတွေဟာ နေပူရှိန်ကြောင့် ရောင်းချရတဲ့အာဟာရဆိုတာ ကျန်းမာရေးနဲ့မညီညွတ်ကြောင်း ရောင်းချသူရဲ့ကျန်းမာရေးကိုလည်းပဲ ထိခိုက်ကြောင်း နားမလည်ကြပါဘူး။ ကျောင်းဈေးသည်တွေဟာ စည်းကမ်းမရှိလို့ အာဟာရမရှိတဲ့မုန့်တွေ၊ ရက်လွန်နေတဲ့မုန့်တွေ ဝမ်းပျက်ဝမ်းလျှောဖြစ်နိုင်တဲ့မုန့်တွေစတဲ့ အကြောင်းများကြောင့် ကလေးများအတွက် စိုးရိမ်ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ FDA အဖွဲ့ရှိပေမယ့် တစ်ခါတစ်ရံသာ ကွင်းဆင်းစစ်ဆေးတာဖြစ်ပါတယ်။ ကျန်းမာရေးနဲ့ မညီညွတ်တဲ့ဈေးသည်များကတော့ နေ့တိုင်းရောင်းချနေကြတာ ဖြစ်ပါတယ်။ FDA အဖွဲ့ကတော့ အမြဲတမ်းမစစ်ဆေးနိုင်ကြပါဘူး။ နိုင်ငံတစ်ခုရဲ့ လူမျိုးတစ်ခုလုံး တိုးတက်ဖို့ဆိုတာ တစ်နိုင်ငံလုံး အမျိုးသားရေးအမြင်နဲ့ အသိတရားကောင်းဖို့ အထူးလိုအပ်ပါတယ်။ ဒါက အဓိကကျတဲ့ အခြေခံအချက်ဖြစ်ပါတယ်။ အဲဒါကြောင့် မြန်မာနိုင်ငံမှာ စီမံချက်ချပြီး အဆိုပါဈေးသည်များကို ထိန်းကျောင်းကြပ်မတ်နိုင်တဲ့ အဖွဲ့အစည်းများရှိဖို့ လိုပါတယ်။ အသိတရားရှိအောင် ဟောပြောပွဲတွေ၊ လိုအပ်ရင် သင်တန်းတွေပေးဖို့လိုပါတယ်။ စည်းကမ်းကျနစွာ ရောင်းချတတ်အောင် အာဟာရပြည့်ဝစွာလုပ်တတ်အောင် ဆိုးဆေးများမထည့်ဘဲ အရောင်လှအောင်၊ အဖုံးအကာများနှင့် စီမံတတ်အောင်၊ နေပူထဲမှာ အရိပ်ကောင်းကောင်းလုပ်ပြီး စီမံတတ်အောင် ဆင်းရဲသားများသာမက မည်သူမဆို လူတန်းစားပေါင်းစုံ စားသုံးနိုင်အောင် အမျိုးသားရေးလှုပ်ရှားမှုတစ်ရပ်ပြုလုပ်ဖို့ လိုအပ်နေပါပြီ။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒါကြောင့် အသိတရားနည်းပါးကြတဲ့ မြန်မာနိုင်ငံက ဆင်းရဲသားအများစုအတွက် နိုင်ငံတော်မှ ဖေးမကူညီစီမံနိုင်ဖို့ ဒီမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၃၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၃၆။**

**ဒေါက်တာမြလေးစိန် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်မကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် ဖြစ်ပါတယ်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်ရှင်။ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ၂-၁-၂၀၁၇ ရက်နေ့မတိုင်မီ ခန့်ထားခဲ့သော ညှော်ကြိုနေ့စား (၁၉၂)ဦး၊ အထွေထွေနေ့စား(၆၂၂)ဦး စုစုပေါင်း (၈၁၄)ဦးအား ၂၅-၁၀-၂၀၁၉ ရက်စွဲပါစာများဖြင့် အမြဲတမ်း ဝန်ထမ်းများအဖြစ် အတည်ပြုခန့်အပ်ပေးခဲ့ပါတယ်။ အဆိုပါ (၈၁၄)ဦး ခန့်ထားမှု၌ ချင်းပြည်နယ် အတွင်းရှိ ဆေးရုံများ၌ ၂-၁-၂၀၁၇ ရက်မတိုင်မီ ခန့်ထားခဲ့သော နေ့စား (၂၀)ဦးအား အမြဲတမ်း ဝန်ထမ်းအဖြစ် အတည်ပြုခန့်အပ်ပေးခဲ့ပါတယ်။

ချင်းပြည်နယ်အတွင်းရှိ ဆေးရုံများ၌ Hospital Receptionist နှင့် လက်ရှိခန့်ထားမှု အခြေအနေမှာ ဟားခါးတွင် အမြဲတမ်းဝန်ထမ်း(၄)ဦး၊ နေ့စား (၂)ဦး စုစုပေါင်း (၆)ဦး၊ ဖလမ်းတွင် အမြဲတမ်းဝန်ထမ်း(၄)ဦး၊ တီးတိန်တွင် အမြဲတမ်းဝန်ထမ်း(၆)ဦး၊ မင်းတပ်တွင် နေ့စားဝန်ထမ်း (၆)ဦး ခန့်ထားပေးပြီးဖြစ်ပါတယ်။ မင်းတပ်ဆေးရုံတွင် လက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသော ၁၆-၁-၂၀၁၇ ရက်နေ့မှ စတင်ခန့်ခဲ့သည့် နေ့စားဝန်ထမ်း Hospital Receptionist (၆)ဦး အပါအဝင် ၂-၁-၂၀၁၇ နေ့နောက်ပိုင်း ခန့်ထားခဲ့သော နေ့စားဝန်ထမ်းများအား အမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်အပ်ပေးနိုင်ရေးအတွက် လက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသော နေ့စားစာရင်းများအား ပေးပို့ ပေးပါရန် ကုသရေးဦးစီးဌာန၏ ၅-၁၂-၂၀၁၉ ရက်စွဲပါစာအမှတ်၊ အစရ-၁(က-၁၁)၂၀၁၉/၂၃၄၄ ဖြင့် သက်ဆိုင်ရာ ဌာန၊ ဆေးရုံများသို့ အကြောင်းကြားထားခဲ့ပြီးဖြစ်ပါတယ်။

၎င်းလုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ကုသရေးဦးစီးဌာနရှိ ဆေးရုံ များတွင် လက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသော နေ့စားများအား အမြဲတမ်းဝန်ထမ်းများအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ခန့်အပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းအောင် ၏ ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်းပါပဲ။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ကျွန်းလှမြို့ရှိ ရွှေကျွန်းမြေအားကစားရုံနှင့် ဆက်စပ်အဆောက်အအုံများအား ပြင်ဆင်ထိန်းသိမ်းနိုင်ခြင်းမရှိသေးတဲ့အတွက် တွေ့ရတာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ကျွန်းလှမြို့ရှိ ရွှေကျွန်းမြေအားကစားရုံကို ၁၉၉၇ ခုနှစ်တွင် ကုန်ကျငွေကျပ် သိန်းပေါင်း (၁၅၀)ဖြင့် ဆောက်လုပ်ခဲ့ ပါတယ်။ အတိုင်းအထွာအားဖြင့် (၁၂၀ x ၉၆ x ၃၄)ပေရှိ နံကပ် သွပ်မိုးအမျိုးအစား အားကစားရုံ ဖြစ်ပါတယ်။ အဆိုပါ အားကစားရုံသည် တည်ဆောက်ခဲ့သည့် အချိန်ကြာမြင့်၍ ဟောင်းနွမ်းပျက်စီးနေပါသဖြင့် အားကစားရုံသစ် ဆောက်လုပ်နိုင်ရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေစာရင်းတွင် ခန့်မှန်းကုန်ကျငွေကျပ် (၂၇၀)သန်းဖြင့် အဆိုပြုလျာထားတင်ပြထားပြီးဖြစ်ပါကြောင်းနှင့် ဘဏ္ဍာရန်ပုံငွေ ခွင့်ပြုချက်ရရှိပါက ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဆွေလွင် ၏ ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ကန်ပက်လက်မြို့ ပြည်သူ့ဆေးရုံတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူး(၁)ဦး၊ လက်ထောက်ဆရာဝန်အင်အား ခွင့်ပြု (၆)ဦးတွင် (၁)ဦး ခန့်ထားပေးပြီးဖြစ်ပါတယ်။ ကုသရေးဦးစီးဌာနတွင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် လက်ထောက်ဆရာဝန် စုစုပေါင်း (၃၉၅၆)ဦး ရှိပါတယ်။ ၎င်းတို့အား နိုင်ငံတစ်ဝန်းရှိ ဆေးရုံပေါင်း (၁၁၅၂)ရုံသို့ ခွဲဝေတာဝန်ချထားပေးနေသော်လည်း ဆရာဝန် တာဝန်ချထားမပေးနိုင်သော တိုက်နယ်ဆေးရုံ (၂၄၃)ရုံ ကျန်ရှိနေပါသေးတယ်။ သို့ဖြစ်ပါ၍ ကုသရေးဦးစီးဌာနအနေဖြင့် လက်ထောက်ဆရာဝန် လုပ်ငန်းလိုအပ်ချက်ရှိနေသေးကြောင်း ဦးစွာ ပထမတင်ပြလိုပါတယ်။

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလတွင် ခန့်ထားခဲ့သော ရန်ကုန်မြို့နှင့် မန္တလေးမြို့မှ လက်ထောက်ဆရာဝန်များအား လုပ်ငန်းလိုအပ်ချက်ရှိသော ဆေးရုံများသို့ ပြောင်းရွှေ့ခန့်ထားသည့်အခါ ချင်းပြည်နယ်အတွင်းရှိ ဆေးရုံများသို့ လက်ထောက်ဆရာဝန် (၁၂)ဦးအား ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်း၌ ခန့်ထားပေးနိုင်ရန် စီစဉ်လျာထားပြီးဖြစ်ပါတယ်။ ချင်းပြည်နယ် ဝေးလံခက်ခဲဒေသတွင် (၅)နှစ်တာဝန်ထမ်းဆောင်ရန် ကတိကဝတ်ဖြင့် ဆေးတက္ကသိုလ် တက်ရောက်ပြီးစီးခဲ့သော ဆရာဝန် (၂)ဦးအား ချင်းပြည်နယ်တွင် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၌ ခန့်ထားပေးရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်သို့ သစ်လွင် လက်ထောက်ဆရာဝန်များအား ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် ခေါ်ယူခန့်ထားနိုင်မည့်အချိန်တွင် ချင်းပြည်နယ်သို့ သစ်လွင် ဆရာဝန်စုစုပေါင်း (၇၄)ဦး ခန့်ထားပေးနိုင်ရန် လျာထားခဲ့ပြီး ဖြစ်ပါတယ်။ ၁-၂-၂၀၂၀ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ကြော်ငြာထည့်သွင်းခေါ်ယူထားခဲ့ပြီးဖြစ်ပါတယ်။ ထို့ကြောင့်

၂၀၂၀ ပြည့်နှစ်တွင် ချင်းပြည်နယ်သို့ လက်ထောက်ဆရာဝန် စုစုပေါင်း (၈၈)ဦး ခန့်ထားပေးနိုင်ရန် စီစဉ်လျာထားပြီးဖြစ်ပါတယ်။

အထက်ပါ အစီအစဉ်များဖြင့် လက်ထောက်ဆရာဝန်များ ခန့်ထားနိုင်မည့်အချိန်တွင် ကန်ပက်လက်မြို့ ပြည်သူ့ဆေးရုံတွင် လက်ထောက်ဆရာဝန်ခန့်ထားနိုင်ရေးကို ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့ ပြည်သူ့ဆေးရုံ၌ မူလဆေးရုံ အဆောက်အအုံ လူနာ(၃၀)ထားရှိရန် ဆောင်ရွက်နိုင်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကာလတွင် စတင်ဆောက်လုပ်ခဲ့သည့် တိုးချဲ့ နှစ်ထပ်လူနာကုသဆောင်တွင် ခွဲစိတ်ခန်း၊ မွေးဖွားခန်းများ ပါဝင်၍ ခွဲစိတ်ကုသလူနာများနှင့် မိခင်၊ ကလေး ကုသလူနာခန်းများ လူနာ (၅၀) ခုတင်ထားရှိနိုင်အောင် ဆောင်ရွက်နိုင်မှာဖြစ်သဖြင့် ဆောက်လုပ်ပြီးစီးချိန်၌ လူနာခုတင်စုစုပေါင်း (၈၀)ဖြင့် လူနာများ အဆင်ပြေစွာ ကုသပေးနိုင်မှာဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့တွင် ခုတင်(၅၀)ဆံ့ စံကိုက်ဆေးရုံ၌ ခတ်ခွဲဌာန၏ လက်ရှိဖွဲ့စည်းပုံမှာ ခတ်ခွဲကျွမ်းကျင်-၁ ခွင့်ပြုခန့်ထား ခွင့်ပြု သော်လည်း လစ်လပ်နေပါတယ်။ ခတ်ခွဲကျွမ်းကျင်-၄ (၂)ဦးမှာ (၁)ဦးပဲရှိပါတယ်။ လစ်လပ်နေတဲ့ ခတ်ခွဲကျွမ်းကျင်-၄ (၁)ဦးအား (၆၁)ကြိမ်မြောက် ခတ်ခွဲစစ်ဆေးသူ ဒုသင်တန်းဆင်း (၁)ဦးကို ၎င်းတို့သင်တန်းဆင်းပြီး အလုပ်ဝင်သည့်အချိန်တွင် ခန့်ထား တာဝန်ပေးအပ်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၏ ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရှင်။ အင်္ဂလိပ်စာတချို့ကိုလည်း ထည့်သွင်းဖတ်ကြား ခွင့်ပြုပါ။ ကျွန်မတို့ ယခု တင်ပြထားတာကတော့ ကိုးကားထားတဲ့ အဘိဓာန်စာအုပ်တွေ ဖြစ်ပါတယ်။ ဒီကိုးကားစာအုပ်များမှာ ဖော်ပြထားချက်အရ နွယ်ချိုသည် တိုင်းရင်းဆေးပညာ သဘောတရားအရ ရသအားဖြင့် အေး၊ ချို၊ ခါး အရသာရှိပြီး အကျိုးအားအနေဖြင့် အပူကိုငြိမ်းစေခြင်း၊ လေကိုနိုင်ခြင်း၊ နူးညံ့စွာ ဝမ်းသက်စေခြင်း၊ ရေငတ်ပြေခြင်း၊ ချောင်းဆိုးပျောက်ခြင်း၊ အစာအိမ်ကို အကျိုးပြုခြင်း၊ ခွန်အားဖြစ်စေခြင်း၊ ဆံပင်ကောင်းခြင်းစသည့် အကျိုးကျေးဇူးများ ရရှိကြောင်း တိုင်းရင်းဆေးကျမ်း များစွာမှာ ပါရှိပါတယ်။

နွယ်ချိုတစ်မျိုးတည်းအနေဖြင့် အသုံးပြုမှုနည်းပါးပြီး ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်း ဆေးဌာနသုံး ဆေးနည်းများ ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ Ministry of Health Department of Medical Research, Pharmacology Research Division, Myanmar Traditional Medicine Formulary Yangon Myanmar ၁၉၈၉ ခုနှစ်၊ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီး ဌာန၊ ဌာနသုံးဆေးနည်းများ၊ ၁၉၉၀ မတ်လ၊ ကျန်းမာရေး ဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနမှ သူနာပြုမှတ်တမ်းထားရှိသော မြန်မာ့တိုင်းရင်းဆေးဖုံများ ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလ၊ တိုင်းရင်းဆေး

တက္ကသိုလ်၊ တိုင်းရင်းဆေးဌာနသုံး ဆေးနည်းများ ၂၀၁၅ ခုနှစ်၊ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဌာနသုံးတိုင်းရင်းဆေး နည်းများနှင့် သမားစဉ်ဆေးဖုံများ ၂၀၁၆ ခုနှစ်များတွင် ဖော်ပြချက်အရ တိုင်းရင်းဆေးပညာဦးစီးဌာန၏ ဌာနသုံးတိုင်းရင်းဆေးနည်းများ ဆေးဖုံအမှတ် ၂၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၃၃၊ ၄၁ တို့တွင် ဆေးမှုန့် Raw Material Powder များအနေဖြင့် ပေါင်းစပ်ပါဝင်ပါတယ်။

ဆေးသုတေသနဦးစီးဌာနမှ သုတေသနပြုမှတ်တမ်းတင်ထားသော မြန်မာ့တိုင်းရင်းဆေးဖုံများစာအုပ်တွင် Quality Control test၊ Acute toxicity and Pharmacological aspectsများကို စမ်းသပ်စစ်ဆေးထားပြီးဖြစ်ကြောင်း တွေ့ရှိရပါတယ်။ World Health Organization WHO Monographs on selected medicinal plants volume (1)Geneva ၁၉၉၉ ခုနှစ်တွင် ဖော်ပြထားရာတွင် နွယ်ချိုအပါအဝင် ပရဆေးတစ်မျိုးမျိုးကို အသုံးပြုရာ၌ ဆေးပစ္စည်းများ၏ အရည်အသွေး၊ ဆေး၏ အာနိသင်၊ Efficacy၊ ဆေး၏ ဘေးကင်းလုံခြုံမှု Safety တို့ကို သိရှိနိုင်ရန်အတွက် ဆေးပစ္စည်းများ စစ်မှန်မှု Identity test ကို Macroscopic and Microscopic Examinations များ၊ MicroChemical Examinations များ၊ သန့်စင်မှု Purity Test အနေဖြင့် Microbial Contamination Test၊ Pesticide residues၊ Heavy Metal Test၊ Radioactive residues Test၊ Other Purity Tests (Foreign Matters) များကို စစ်ဆေးရန် လိုအပ်ကြောင်း ပါရှိပါတယ်။ WHO Monographs on selected medicinal plants ၁၉၉၉ volume(1) စာအုပ်တွင် ဖော်ပြထားချက်များမှာ တိုင်းရင်းဆေးအနေဖြင့် အသုံးပြုခြင်း၊ Use in Traditional System of Medicine တွင် Glycyrrhiza glabra linn နွယ်ချိုမြစ်၊ root and rhizomes သည် လည်ပင်းနာခြင်း၊ သလိပ်ဖြစ်ပြီး ချောင်းဆိုးခြင်း၊ အဆစ်အမြစ် ရောင်ရမ်းနာကျင်ခြင်းတို့တွင် ကုသရန်နှင့် အစာအိမ်အနာမဖြစ်ရန် ကာကွယ်ခြင်း၊ ကုသခြင်းတို့တွင် အသုံးဝင်ကြောင်း ဖော်ပြထားပါတယ်။ သုတေသနပြုလုပ်ခြင်းမှ တွေ့ရှိချက်များအရ ရေပျော်ဝင်ဆေးနှစ်နှင့် Alcohol ပျော်ဝင်ဆေးနှစ်ကို ကြွက်ဖြူများ၊ Laboratory rats တွင် စမ်းသပ်တိုက်ကျွေးရာတွင် Gastric ulcer ဖြစ်စေခြင်းကို အကာအကွယ်ပေးကြောင်း စမ်းသပ်တွေ့ရှိရပါတယ်။

ဆေးသောက်သုံးရန်အတွက် နေ့စဉ် သောက်သုံးနိုင်သည့် ပမာဏမှာ Average Daily Dose လူကြီးများအတွက် နွယ်ချိုအမြစ် Root and rhizomes အနေနှင့် 5–$15_g$/day အထိ သောက်သုံးနိုင်ကြောင်း ဖော်ပြပါရှိပါတယ်။ သတိပြုရန် Warning အတွက် နွယ်ချိုဆေးမြစ်ကို သတ်မှတ်ထားသော ဆေးပမာဏကိုသာ သောက်သုံးပါက ဘေးထွက်ဆိုးကျိုးမရှိပါ။ လူကြီးများအတွက် နွယ်ချိုမြစ်၏ ဆေးအနေဖြင့် နေ့စဉ် $50_g$/day ကို (၆)ပတ်နှင့်အထက် အချိန်ကြာမြင့်စွာ မသောက်သုံးသင့်ကြောင်း ဖော်ပြထားပါတယ်။ အဘယ်ကြောင့်ဆိုသော် လက်၊ ခြေများဖောရောင်ခြင်း၊ ဆီးထဲတွင် Potassium စွန့်ထုတ်မှုများခြင်း၊ သွေးပေါင်တက်၍ သွေးတိုးရောဂါဖြစ်စေခြင်းတို့ကို ဖော်ပြထားပါတယ်။ Contraindication ဆေးမသောက်သုံးသင့်သူများအတွက် သွေးတိုးရောဂါ၊ အသည်းခြောက်

ရောဂါ၊ သွေးတွင်း Potassium နည်းသော ရောဂါ၊ နာတာရှည်ကျောက်ကပ်ရောဂါ၊ ကိုယ်ဝန်ဆောင်ရောဂါများတွင် မသောက်သုံးသင့်ကြောင်းဖော်ပြထားပါတယ်။

ဒေါက်တာကျော်သန်းထွန်း ၏ မေးမြန်းချက်တွင် နွယ်ချိုသည် အဆိပ်ဓာတ်မပါရှိ၊ အဆိပ်သင့်ရမှု မတွေ့ရှိရဘဲ အဆိပ်ကို ပြယ်စေခြင်း၊ Yin Yang ဓာတ်တို့ကို မျှတစေခြင်း၊ ချောင်းဆိုးဝေဒနာ၊ အဆုတ်ရောဂါ၊ အစာအိမ်ရောဂါ၊ လည်ချောင်းနာရောဂါ၊ နှလုံးခုန်ခြင်း၊ အစာအိမ် အဆိပ်သင့်ခြင်း တို့တွင် အသုံးပြုခြင်းနှင့် စွမ်းအားတိုးဆေးတို့တွင် ဖက်စပ်ဆေးများအဖြစ် အသုံးပြုနိုင်ကြောင်း ဖော်ပြထားပါတယ်။ ၂၇-၁-၂၀၂၀ ရက်နေ့မှာ မန္တလေးထုတ် ဂျာနယ် ခုနက Power Point မှာ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့စာကိုလည်း ကျွန်မတို့ ဖတ်ရှုမိပါတယ်။ သုံးသပ်ချက်အနေနှင့် နွယ်ချိုအပါအဝင် ပရဆေးများ၏ အရည်အသွေး၊ ဆေး၏အာနိသင်၊ Efficacy၊ ဘေးကင်းလုံခြုံမှု (Safety)တို့သည် ဆေး၏သက်တမ်း၊ ပေါက်ရောက်ရာဒေသ၊ ရာသီဥတု၊ အပူချိန်၊ မိုးရေချိန်၊ စုဆောင်းချိန်၊ ဆေးပစ္စည်းသိုလှောင်ထားမှုစနစ်၊ ဆေးဝါး ဖော်စပ်ပုံ စသည်တို့အပေါ်တွင် မူတည်နေပါတယ်။

ထို့အပြင် နွယ်ချို အပါအဝင် ပရဆေးပစ္စည်းများကို ဆေးအမှုန့်အဖြစ် အသုံးပြုရာ၌ ဆေးဝါး၏ ပုံစံ drug form၊ ဆေးမှုန့်၊ ရေ သို့မဟုတ် solvent တစ်မျိုး၊ extract ထုတ်လုပ် ထားသော ပျော်ဝင်ဆေးနှစ်၊ ဆေးပစ္စည်းအသုံးပြုမည့်ပုံစံ၊ ဥပမာ သတ္တုရည်၊ ပြုတ်ရည်၊ အခြောက်ခံ ၍ အသုံးပြုခြင်း၊ Pure Compound တို့ပေါ်တွင် မူတည်၍ အသုံးပြုရမည့် ဆေးပမာဏ၊ ဆေးအသုံးပြုသည့်ကာလ၊ အပိုင်းအခြား၊ duration တို့သည် ရောဂါအမျိုးအစားနှင့် ရောဂါအနုအရင့်အလိုက် သက်ဆိုင်ရာ ဆေးပညာရှင်များမှ သုံးသပ်၍ ရောဂါသက်သာရန်၊ ရောဂါပျောက်ကင်းရန် ချင့်ချိန်၍ ဆေးအညွှန်းပေးပါက လိုအပ်သော အကျိုးအာနိသင်ရရှိပြီး ဘေးထွက်ဆိုးကျိုး နည်းနိုင်သမျှ နည်းမည် ဖြစ်ပါတယ်။

မည်သည့်ဆေးမဆို သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင် ဘေးဖြစ်နိုင်ကြောင်း၊ တန်ဆေး၊ လွန်ဘေးကိုလည်း ကျွန်မတို့ သိရှိထားပါတယ်။ ဆေးကောင်းလျှင် သန်းခေါင်းဆိုတဲ့ ဆေးပမာဏနည်းနည်းနှင့် အကျိုးများစွာရှိတဲ့ ဆိုရိုးလည်း ရှိနေပါတယ်။ ဒါကြောင့် ရောဂါတစ်ခုကို ဆေးတစ်မျိုးဖြင့် ကုသရာ၌ သက်ဆိုင်ရာ ကျွမ်းကျင်သူ ဆေးပညာရှင်များ၏ ညွှန်ကြားချက်ဖြင့် အသုံးပြုသင့်ပါကြောင်း သုံးသပ်ဖြေကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ၏ ကြယ်ပွင့်ပြမေးခွန်းကို ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရှင်။ လမ်းဘေးဈေးသည်ဆိုသည်မှာ အများပြည်သူများ သွားလာသောနေရာများတွင် ခိုင်မာသော ဖွဲ့စည်းတည်ဆောက်ပုံမရှိဘဲ၊ ယာယီတည်ဆောက်ပုံ သို့မဟုတ် ရွှေ့လျားဆိုင်ခန်းများ၊ လက်

တွန်းလှည်းများ၊ စက်ဘီးများ၊ ဆိုင်ကယ်များ၊ မော်တော်ယာဉ်များပေါ်တွင် ရောင်းချသည့်ပစ္စည်းများ တင်ဆောင်သည့် ပြည်သူလူထုသို့ရောင်းချရန်အတွက် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုပေးသူကို ခေါ်ဆိုပါတယ်။

ကျွန်မတို့အနေနှင့် သင်တန်းများကို ပို့ချလျက်ရှိပါတယ်။ ဒီသင်တန်းများကို ပို့ချတဲ့အခါမှာ ကျွန်မတို့ ဦးစီးဌာနများနှင့် တွဲဖက်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် လမ်းဘေးဈေးသည်များ ရောင်းချသည့် အစားအသောက်များ အန္တရာယ်ကင်းစေရေးအတွက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် နေပြည်တော်၊ မတ်လတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧပြီလတွင် မန္တလေးတိုင်းဒေသကြီးနှင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆောင်ရွက်ခဲ့ပါတယ်။ နှီးနွှယ်ဌာနများအဖြစ် စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ကျန်းမာရေးအသိပညာပေးဦးစီးဌာန၊ မြို့တော်စည်ပင်သာယာရေးကော်မတီတို့နှင့် ပူးပေါင်းပြီးတော့ သင်တန်းများကို ဆောင်ရွက်ခဲ့ပါတယ်။

ဆောင်ရွက်ခဲ့တဲ့ သင်တန်းမှာ ပို့ချတဲ့အကြောင်းအရာတွေကတော့ ဖော်ပြထားတဲ့အတိုင်း ဖြစ်ပါတယ်။ အစားအသောက် ကွပ်ကဲရေးဦးစီးဌာနရဲ့ သင်ကြားပို့ချတဲ့ အကြောင်းအရာများ၊ စိုက်ပျိုးရေးဦးစီးဌာနရဲ့ သင်ကြားတဲ့အကြောင်းအရာများ၊ မွေးမြူရေး၊ ကုသရေးဦးစီးဌာနရဲ့ သင်ကြားသော အကြောင်းအရာများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ သင်ကြားပို့ချသော အကြောင်းအရာများ၊ စားသုံးသူရေးရာဦးစီးဌာန၏ သင်ပြသော အကြောင်းအရာများ၊ ကျန်းမာရေး အသိပညာပေးမြှင့်တင်ရေးဌာနခွဲ၏ သင်တန်းပို့ချသည့် အကြောင်းအရာများနှင့် မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ သင်ကြားပို့ချသော အကြောင်းအရာများဟာ Vinyl Plan ထဲမှာ ထည့်ထားပါတယ်။

သင်တန်းမစမီ ကြိုတင် ဆန်းစစ် မေးခွန်းလွှာကို ဖြေဆိုခြင်း၊ သင်တန်းပြီးဆုံးသည့်အခါမှာ သင်တန်းပြီးဆုံးသော စစ်ဆေးခြင်း မေးခွန်းလွှာများကို ဖြေဆိုခြင်း၊ ဖြေဆိုအောင်မြင်သည့် ပိုင်ရှင်မဟုတ်သော သင်တန်းသားများအား သင်တန်းဆင်း လက်မှတ်ပေးအပ်ခြင်း ဆိုင်ပိုင်ရှင်များအား သင်တန်းတက်ရောက်ပြီးစီးကြောင်း အသိအမှတ်ပြု ဗီနိုင်းပေးအပ်ခြင်းတို့ကို ကျွန်မတို့အနေနှင့် ဆောင်ရွက်ခဲ့ပါတယ်။ သင်တန်းတက်ရောက်ခဲ့သည့် လက်မှတ်များကို တင်ပြလိုပါတယ်။

၂၀၁၉ ခုနှစ်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် သင်တန်းပို့ချပြီးသော လမ်းဘေးဈေးသည် အရေအတွက်များကို ဖော်ပြပါအတိုင်း ကျွန်မတို့ ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ စုစုပေါင်း (၂၄၆၃)ဦးကို ၂၀၁၉ ခုနှစ်တွင် သင်တန်းပို့ချပြီးဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ သင်တန်းတက်ရောက်ပြီးသော လမ်းဘေးဈေးဆိုင်များအား လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိကို နှီးနွှယ်ဌာနများနှင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခြင်း၊ လမ်းဘေးဈေးသည်များ မဖြစ်မနေ လိုက်နာ

ဆောင်ရွက်ရမည့် အချက်များပါဝင်သည့် စာရွက်များ ဖြန့်ဝေခြင်း၊ လိုအပ်ချက်ရှိပါက ပြုပြင်ရန် ညွှန်ကြားခြင်း၊ ကောင်းမွန်သော ရေအလုံအလောက်ရရှိရေးနှင့် အမှိုက်သိမ်းစနစ် ကောင်းမွန်စွာ ရရှိရေးအတွက် သက်ဆိုင်ရာ စည်ပင်သာယာရေးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ Safety and Hygiene issues of street food and water အတွက် နိုင်ငံတကာကျွမ်းကျင် ပညာရှင်ကို ငှားရမ်းရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ အကူအညီ တောင်းခံခဲ့ခြင်းဖြစ်ပါတယ်။ နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များ ငှားရမ်း၍ Safety and Hygiene issues of street food and water ပြုလုပ်ရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ ပေးပို့ရန် လိုအပ်သော DFC Proposal မူကြမ်း ကိုလည်း ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ပေးပို့ထားပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းရှိ ဈေးများ တွင် ရောင်းချလျက်ရှိသော အစားအသောက်များ၊ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လက်တွေ့ ကျသော နည်းဗျူဟာဖော်ဆောင်နိုင်ရေး၊ အလုပ်ရုံဆွေးနွေးပွဲ စီမံချက်အား ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂ ရက် သို့မဟုတ် ၆ ရက်နေ့ မှာ ဆောင်ရွက်ရန် စီစဉ်ထားပြီး ဖြစ်ပါတယ်။

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ စီမံချက်ရေးဆွဲပြီး အစည်းအဝေးများကိုလည်း ကျင်းပ လျက်ရှိပါတယ်။ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှ ၂၁ ရက်နေ့အထိ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပပြီး သင်ရိုးညွှန်းတမ်းများကို အသေးစိတ် ပြန်လည်ရေးဆွဲရမည် ဖြစ်ပါ တယ်။ ညှိနှိုင်းအစည်းအဝေးများတွင် ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုဝန်ကြီးရုံး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဦးစီး၍ အစိုးရအဖွဲ့များနှင့် သက်ဆိုင်သောနှီးနွှယ်ဌာနမှ တာဝန်ရှိသူများကို ဖိတ်ကြား၍ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့အနေနှင့် ဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီး ဖြေကြားခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပေးပို့လာသော အဖြေများအား ဖြေကြားခြင်းကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနှင့် စားသုံးသူရေးရာဦးစီးဌာန သည် စားသုံးသူ ကာကွယ်ရေးဥပဒေသစ်ကို ၁၅-၃-၂၀၁၉ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉ ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဥပဒေပြဋ္ဌာန်းချက်ပါ လုပ်ငန်းတာဝန်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် များအလိုက် ဈေးကွက်အတွင်း၊ ကုန်စည်များ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်း၊ စားသုံးသူ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်များ ဖြန့်ဝေခြင်း လုပ်ငန်းများဆောင်ရွက်ခြင်း စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါတယ်။

စားသုံးသူဦးစီးဌာနရဲ့ Website၊ Mobile Application များကိုလည်း လွှင့်တင်ထားပြီး ယင်းတို့မှတစ်ဆင့် စားသုံးသူများအား သတင်းအချက်အလက် ဖြန့်ဖြူးခြင်းနှင့် တိုင်ကြားမှုများကို Online မှတစ်ဆင့် လက်ခံပြီး ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြထားပါတယ်။ စားသုံးသူများအနေဖြင့် ယင်းတို့ အခွင့်အရေး၊ အကျိုးစီးပွားနှင့် ပတ်သက်၍ နစ်နာဆုံးရှုံးမှုများ ပေါ်ပေါက်လာပါက လွယ်ကူလျင်မြန်စွာ တိုင်ကြားနိုင်ရန် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (၄၈)ရုံးကို ဖွင့်လှစ်ပြီး တိုင်ကြားမှုများကို လက်ခံဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ၂၀၁၈ ခုနှစ်တွင် စားသုံးသူ ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို စာသင်ကျောင်းများ၊ ရပ်ကွက်နှင့် ကျေးရွာ၊ တပ်ရင်း၊ တပ်ဖွဲ့နှင့် သတင်းအဖွဲ့များ၊ တက္ကသိုလ် ကောလိပ်များ၊ ဈေးများနှင့် စက်ရုံများ၌ စုစုပေါင်း (၆၆၈၉)ကြိမ်အထိ ဆောင်ရွက်ခဲ့ကြောင်း တင်ပြထားပါတယ်။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းကို (၄၂၈၀)ကြိမ်ဖြင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း တင်ပြထားပါတယ်။

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ၂၀၁၈ ခုနှစ်အတွင်း သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းကို စာသင်ကျောင်း၊ မုန့်ဈေးတန်းများ၊ ရပ်ကွက်လက်လီဆိုင်များ၊ ဈေးများ၊ စက်ရုံ၊ အလုပ်ရုံများ၊ ဆေးဆိုင်များနှင့် စိုက်ပျိုးရေး အရောင်းဆိုင်များတွင် စုစုပေါင်း (၅၅၆၁)ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း တင်ပြထားပါတယ်။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ စုစုပေါင်း(၃၂၄၈)ကြိမ် ဆောင်ရွက်ခဲ့ကြောင်း တင်ပြထားပါတယ်။

လက်ရှိတွင် ဈေးကွက်အတွင်းရှိ ကုန်စည်များအား ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် စီးပွားရေးလုပ်ငန်းရှင်များ အသိပညာပေးခြင်းလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြထားပါတယ်။ ၁၆-၃-၂၀၂၀ ရက်နေ့မှစ၍ ဈေးကွက်အတွင်းရှိ ကုန်စည်များအား ကုန်အညွှန်းအမှတ်အသားဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြလာပါတယ်။ လိုက်နာဆောင်ရွက်ခြင်းမရှိသော စီးပွားရေးလုပ်ငန်းရှင်များကို စားသုံးသူ ကာကွယ်ရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကိုလည်း တင်ပြထားပါတယ်။

ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းပြီး လမ်းဘေးဈေးသည်များ၊ ဈေးများ၊ စာသင်ကျောင်းများ၌ ရောင်းချသော စားသောက်ဆိုင်များ စည်းကမ်းကျနစွာ ကျန်းမာရေးနှင့် ညီညွတ်ရန် ပြင်ဆင်

ရောင်းချနိုင်ရေးအတွက် သင်တန်း ဖွင့်လှစ်ပေးခြင်း၊ သင်တန်းဆင်းလက်မှတ် ရရှိမှသာ ရောင်းချခွင့်ပြုခြင်းတို့အား စားသုံးသူရေးရာ ဦးစီးဌာနအနေနှင့် ဆောင်ရွက်ရန် အစီအစဉ် မရှိသေးပါကြောင်း သက်ဆိုင်ရာ ဌာနများအနေဖြင့် ယင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားပါက ပိုမိုသင့်တော်မည် ဖြစ်ကြောင်း ဖြေကြားပါတယ်။ ၂၀၁၉ ခုနှစ်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ဟိုတယ်နှင့် စားသောက်ဆိုင်များ၊ ဈေးများ၊ စာသင်ကျောင်းများနှင့် လမ်းဘေးနေရာများတွင် ရောင်းချနေသော အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေး၊ သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုအခြေအနေကို တင်ပြလိုပါတယ်။

အခု တင်ပြထားတဲ့ Slide ကတော့ တိုင်းဒေသကြီး၊ ပြည်နယ်များမှာ Food Safety and Hygiene သင်တန်းပေးခြင်း၊ အသိပညာပေး ဟောပြောပွဲပြုလုပ်ခြင်း၊ စားသောက်ဆိုင်၊ ဈေးစစ်ဆေးခြင်း၊ စာသင်ကျောင်း၊ မုန့်ဈေးတန်း စစ်ဆေးခြင်း စသည်တို့ကို ပြည်နယ်၊ တိုင်းဒေသကြီး (၁၅)ခုစလုံးမှာ ဆောင်ရွက်ထားခြင်း၊ ဆောင်ရွက်လျက်ရှိခြင်းတို့ကို တင်ပြထားပါတယ်။ ဒီအချက်အလက်တွေ အားလုံးဟာ တိုင်းဒေသကြီး၊ ပြည်နယ်တွေက ပေးပို့ထားတဲ့ အချက်အလက်တွေ ဖြစ်ပါတယ်။ ကချင်ပြည်နယ်မှာဆိုရင် ထူးခြားဖြစ်စဉ်အနေနှင့် သင်တန်းပြီးမြောက်၍ လက်မှတ်ရရှိမှသာ ရောင်းချခွင့်ပြုရန် အစီအစဉ် မရှိသေးပါကြောင်း၊ ချင်းပြည်နယ် ပြင်ဆင်ရောင်းချနိုင်ရေးအတွက် သင်တန်းပြီးမြောက်၍ လက်မှတ်ရရှိမှသာ ရောင်းချခွင့်ပြုရန်နှင့် နိုင်ငံတော်အဆင့်၏ မူဝါဒညွှန်ကြားချက်များနှင့်အညီ ချင်းပြည်နယ်အစိုးရအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်လို့ ဖြေကြားထားပါတယ်ရှင်။

ပဲခူးတိုင်းဒေသကြီးအနေနှင့်လည်း သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး ထပ်မံ၍ သင်တန်းများဖွင့်လှစ်ရန် အစီအစဉ်ရှိပါကြောင်း၊ သင်တန်းပြီးမြောက်မှသာ ရောင်းချခွင့်လက်မှတ် ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားထားပါတယ်။ မကွေးတိုင်းဒေသကြီးအနေနှင့် စားသောက်ရေးကြီးကြပ်မှုကော်မတီမှ ပညာပေးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး သင်တန်းဆင်းလက်မှတ်ရရှိပြီးသူများကိုသာ အစားအသောက်ကိုင်တွယ် ထုတ်လုပ်ရောင်းချခွင့် လိုင်စင်ထုတ်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားထားပါတယ်။ မန္တလေးတိုင်းဒေသကြီးအနေဖြင့် သင်တန်းပို့ချပြီးသူများအား Follow up ပြုလုပ်ရာတွင် လမ်းဘေးဈေးသည်များမှ လုပ်ငန်းမှတ်ပုံတင်မရှိခြင်းနှင့် သင်တန်းပြီးဆုံးသော လမ်းဘေးဈေးသည်များအား ပြန်လည် ရှာဖွေရန် အခက်အခဲရှိသူများကို တင်ပြထားပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးမှုးကောင်စီ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းခြင်း**

**အချိန်၊ ၁၀:၅၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ကျန်းမာရေးမှုးကောင်စီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၈။**

**ဒေါက်တာမြလေးစိန် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား၊ ကျွန်မ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်မှနေ၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသို့ တင်သွင်းထားသော ကျန်းမာရေးမှုးကောင်စီ ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် တင်သွင်းမှာဖြစ်ပါတယ်ရှင်။ ကျန်းမာရေးမှုးဆိုသည်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် ကျန်းမာရေးမှုး အောင်လက်မှတ်ရရှိသူ သို့မဟုတ် အခြေခံကျန်းမာရေးတက္ကသိုလ်မှ ကျန်းမာရေးသိပ္ပံ၊ အခြေခံကျန်းမာရေးဘွဲ့ရရှိသူများဖြစ်ကြပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အကျဉ်းထောင်များ၊ ထုတ်လုပ်ရေးစခန်းများ၊ စိုက်ပျိုးရေးခြံများအပြင် အခြားသော ပြည်သူလူထု အကျိုးပြု အဖွဲ့အစည်းများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဖွဲ့စည်းပုံအရ ကျေးလက်ကျန်းမာရေးဌာနများတွင် တာဝန်ထမ်းဆောင်နေပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအပြင် ရောဂါကုသရေးလုပ်ငန်းများကိုလည်း ဝန်ကြီးဌာနမှ သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာ စံပြု လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နေသော ဝန်ထမ်းများဖြစ်ပါတယ်ရှင်။

ကျန်းမာရေးမှုးများကို ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်းအားဖြင့် ကျန်းမာရေးမှုးများ၏ အရည်အသွေးကို ထိန်းသိမ်းမြှင့်တင်နိုင်စေရေး၊ ကိုယ်ကျင့်သိက္ခာကို လိုက်နာစောင့်ထိန်းခြင်း၊ ကြီးကြပ်နိုင်ခြင်းနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ပညာရပ်များကို ခေတ်နှင့်အညီ စဉ်ဆက်မပြတ် လေ့လာဆည်းပူးစေနိုင်မည်ဖြစ်ပြီး ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု စွမ်းရည်မြင့်မားလာပြီး ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု ခံစားခွင့်များလည်း တိုးတက်ရရှိလာမည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု မူဝါဒများကို အကောင်အထည်ဖော်ရန်နှင့် ပြည်သူလူထုအတွက် အရည်အသွေးမီသော ကျန်းမာရေးစောင့်ရှောက်မှု ခံစားခွင့်များအတွက် မရှိမဖြစ် လိုအပ်ပါသဖြင့် ကျန်းမာရေးမှူးကောင်စီ ဥပဒေမူကြမ်းအား ရေးဆွဲရခြင်း ဖြစ်ပါတယ်။ အဆိုပါ ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ ၅-၁၁-၂၀၁၉ ရက်နေ့နှင့် ၁၀-၁၂-၂၀၁၉ ရက်နေ့တို့တွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၌ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေး တင်ပြခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျန်းမာရေးမှူး ကောင်စီဥပဒေကို အသစ်ရေးဆွဲရခြင်းနှင့် ပတ်သက်၍ (က)မှတ်ပုံတင် ကျန်းမာရေးမှူးများ၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး၊ အဆင့်အတန်းထိန်းသိမ်းမှု ထိန်းသိမ်းမြှင့်တင်ရန်၊ (ခ) ထိရောက်သော ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို အများပြည်သူတို့ ခံစားခွင့်ရရှိစေရန်၊ (ဂ) ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ပညာရပ်ကို မှတ်ပုံတင် ကျန်းမာရေးမှူးများက ခေတ်နှင့်အညီ အဆင့်အတန်းမြင့်မားစွာ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်စေရန်၊ (ဃ)မှတ်ပုံတင်ကျန်းမာရေးမှူးများအား မိမိတို့၏ ကိုယ်ကျင့်သိက္ခာကို အစဉ်လိုက်နာစောင့်ထိန်းစေရေးအတွက် ကြီးကြပ်ထိန်းသိမ်းရန် ရည်ရွယ်၍ ဥပဒေအား အသစ်ရေးဆွဲတင်ပြရခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဤဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဉ်းစားနိုင်ပါရန် တင်သွင်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၁:၀၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ ကျန်းမာရေးမှူးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၃။**

**ဒေါ်လှငွေး(ခ)ဒေါ်အုန်းကြည် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်လှငွေး(ခ)ဒေါ်အုန်းကြည် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ

ရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ကျန်းမာရေးမှူး ကောင်စီ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊၁/အမ(ကော်မတီ–၁ )၁/၂၀၁၉ – ၆၃၈

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ကျန်းမာရေးမှူးကောင်စီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန်အတွက် ၉–၁၀–၂၀၁၉ ရက်နေ့တွင် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးများအသင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၅–၁၁–၂၀၁၉ ရက်နေ့၊ ၁၉–၁၁–၂၀၁၉ ရက်နေ့နှင့် ၁၀–၁၂–၂၀၁၉ ရက်နေ့တို့တွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

## လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကျန်းမာရေးမှူးကောင်စီဥပဒေကြမ်းကို လေ့လာစိစစ်ရာ –

(က) အဓိပ္ပာယ်ပိုမိုပြည့်စုံမှုရှိစေရန်အတွက် အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၊ အပိုဒ်ခွဲ (ဋ) ၏နောက်တွင် အပိုဒ်ခွဲ (ဌ)၊ (ဍ)၊ (ဎ)နှင့် (ဏ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်–

( ဌ ) ဦးစီးဌာနဆိုသည်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနကို ဆိုသည်။

( ဍ ) ပြည်သူ့ကျန်းမာရေးကြီးကြပ် ဆိုသည်မှာ ဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် ပြည်သူ့ကျန်းမာရေးကြီးကြပ် (၁) သို့မဟုတ် ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) အောင်လက်မှတ်ရရှိသူကို ဆိုသည်။

( ဎ ) မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ် ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ရရှိသည့် ပြည်သူ့ကျန်းမာရေးကြီးကြပ်ကို ဆိုသည်။

(ဏ) ကုသမှုပေးခြင်း ဆိုသည်မှာ ကျန်းမာရေးမှုုးသင်တန်းတွင် လည်းကောင်း၊ ပြည်သူ့ကျန်းမာရေး ကြီးကြပ်သင်တန်းတွင်လည်းကောင်း၊ လုပ်ငန်းခွင်အတွင်းတွင်လည်းကောင်း၊ လေ့ကျင့်သင်ကြားပေးထားသည့် သက်ဆိုင်ရာ ကုသရေးလုပ်ငန်း အတိုင်းအတာ၊ စံချိန်စံညွှန်းနှင့်အညီ ကုသပေးခြင်းကို ဆိုသည်။

(ခ) ကောင်စီဝင်များကို အလှည့်ကျ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၆ တွင် ဖော်ပြထားသော စကားရပ်များအစား ကောင်စီဝင်များ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့် နေ့ရက်မှစ၍ ငါးနှစ် ဖြစ်သည်။ ကောင်စီဝင်တစ်ဦးသည် ကောင်စီသက်တမ်း တစ်ဆက်တည်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်း မရှိစေရ။ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ကောင်စီ၏ရုံးလုပ်ငန်းများကို ဦးစီးဌာနက ကွပ်ကဲနိုင်ရန်အတွက် အပိုဒ် ၃၉ တွင် ဖော်ပြထားသော စကားရပ်များအစား ကောင်စီ၏ရုံးလုပ်ငန်းများကို ဦးစီးဌာနက စီမံကွပ်ကဲရမည်။ ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုး ပြင်ဆင်သင့်ပါကြောင်းနှင့် အပိုဒ် ၈၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၉၊ အပိုဒ်ခွဲ (တ)၊ အပိုဒ် ၁၀၊ အပိုဒ်ခွဲ (ဂ)နှင့် အပိုဒ် ၃၄၊ အပိုဒ်ခွဲ (ခ)တို့ကို ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ပိုမိုပြည့်စုံမှုရှိစေရန်နှင့် ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်တို့အတွက် ပြင်ဆင်ထားပြီး ပြောင်းလဲသွားသည့် အပိုဒ်၊ အပိုဒ်ခွဲများကိုလည်း တစ်ပါတည်း ပြင်ဆင်ခဲ့ပြီးဖြစ်ပါသဖြင့် ပြင်ဆင်ဖြည့်စွက်ချက် အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြထားပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကျန်းမာရေးမှုုးကောင်စီ ဥပဒေကြမ်းအပေါ် သက်ဆိုင်ရာဝန်ကြီးဌာန၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၊ မြန်မာနိုင်ငံ ကျန်းမာရေးမှုုးများအသင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးမှုးကောင်စီ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁:၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်းမာရေးမှုးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ် ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၀-၂-၂၀၂၀ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှုးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် ပဥ္စမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁:၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၇ ရက်(သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှုး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှုး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၁:၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]